## သစ်တောဦးစီးဌာန၏မူဝါဒနှင့်လုပ်ငန်းစဉ်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောနယ်မြေအတွင်း "မူ"အားဖြင့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းကို ခွင့်မပြုရန်ဖြစ်ပါသည်။ **၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ-၁၂(က)အရ "မည်သူမဆိုသစ်တောနယ်မြေနှင့်သစ်တောဖုံးလွှမ်း လျက်ရှိသည့် အစိုးရကစီမံပိုင်ခွင့်ရှိသော မြေအတွင်း ဖွံ့ဖြိုးမှုလုပ်ငန်း(သို့မဟုတ်) စီးပွားရေးစီမံကိန်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လိုလျှင်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်"** ဟု ပြဌာန်းထားပါသည်။

၂။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများသို့ လမ်းခင်းကျောက်များပေးသွင်းရန် ကုမ္ပဏီ/ လုပ်ငန်းရှင်အသီးသီးမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ လျှောက်ထား ခြင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားခြင်းများ ရှိနေပါသည်။

၃။ လမ်းခင်းကျောက်ထုတ်လုပ်ရန် လျှောက်ထားချက်အသီးသီးကို စိစစ်ရာတွင် အသုံးပြု သောလမ်း အမည်နှင့်ခရီးမိုင်အကွာအဝေးမပါရှိခြင်း၊ သက်ဆိုင်ရာဌာနအသီးသီးမှ တင်ဒါ အောင်မြင်သူများမဟုတ်ခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ထောက်ခံချက်နှင့် ဒေသဈေးနှုန်းများမပါရှိ ခြင်းစသည့် မပြည့်စုံသည့်အချက်အလက်များကို တွေ့ ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ **" သစ်တောနယ်မြေအတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွံ့ဖြိုးမှုလုပ်ငန်း၊ စီးပွားရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပါက လမ်းခင်းကျောက် အသုံးပြုမည့်ဦးစီးဌာန/ လုပ်ငန်းများနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှတစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊**

**ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူ လျှောက်ထားရန်နှင့်စီးပွားဖြစ် အကြီးစားလမ်းခင်းကျောက်ထုတ်လုပ်မှုများအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏သဘောထားမှတ်ချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ လျှောက်ထားရမည်ဖြစ်ကြောင်း”** ညွှန်ကြားရေးမှူးချုပ်ရုံး၊ သစ်တောဦးစီးဌာန၏ ၁၇-၁၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စီမံကိန်း/သတ္တု/(၂၃၂၉၃-၃၁၀/၁) ဖြင့် ညွှန် ကြားထားရှိပါသည်။